**ကရင့်အမျိုးသမီး အစည်းအရုံး KWO က ဗမာ့တပ်မတော် တပ်ဖွဲ့များ ပြန်လည်ရုတ်သိမ်းရန်နှင့် တိုက်ပွဲများ ချက်ချင်းရပ်တန့်ရန် တောင်းဆိုသော မူကြော်ခရိုင်မှ အရပ်သားများနှင့် တသားတည်း ရပ်တည်သည်။**

**ရက်စွဲ။ ၂၀၂၁ ခုနှစ် ဇန္နဝါရီလ ၇ ရက်။**

ကရင့်အမျိုးသမီးအစည်းအရုံး (KWO) သည် ဗမာ့တပ်မတော်တပ်ဖွဲ့များ သူတို့ဇရိယာမှ ပြန်လည်ထွက်ခွာသွားရန်နှင့် သူတို့နယ်မြေများတွင် လမ်းဖောက်လုပ်ရေးစီမံကိန်းများကိုအဆုံးသပ်ရန် တောင်းဆိုနေသောကရင်ရွာသားများ၏တောင်းဆိုချက်များကို အပြည့်အဝထောက်ခံသည်။ ဗမာ့တပ်မတော်သည် သူတို့၏ဘေးကင်းမှုနှင့်လုံခြုံရေးကို ကာလကြာရှည်စွာ ခြိမ်းခြောက်လျက်ရှိနေခဲ့သည်။ ဗမာနိုင်ငံတွင် အသက်ရှင်ရပ်တည်ရန် ကြိုးပမ်းနေသူများနှင့်အတူ KWO သည် ဗမာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုကို ရင်းနီးကျွမ်းဝင်ပြီးဖြစ်သည်။ စစ်တပ်၏ ဖိနှိပ်ခြိမ်းခြောက်သောနည်းဗျူဟာများသည် အကြမ်းဖက်မှုနှင့် အခြေခံလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်စေသည်။ KWO သည် ဤရွာသားများ၏တောင်းဆိုချက်များဖြစ်သော လမ်းဖောက်လုပ်ရေးစီမံကိန်းများအဆုံးသတ်ရန်၊ ဗမာ့တပ်မတော်စစ်သားများ ချက်ချင်းရုတ်သိမ်းရန်နှင့် သူတို့၏ကျေးရွာအသိုင်းအဝိုင်းများအပေါ်တွင် စစ်တပ်မောင်းသူမဲ့လေယာဉ်များပျံသန်းမှုကိုရပ်တန့်ရန် တို့အားပံ့တင်ထပ်တောင်းဆိုလိုက်သည်။

၂၀၂၀ခုနှစ်ဒီဇင်ဘာလ၃၀ရက်နေ့တွင် သူတို့၏ကရင်အသိုင်းအဝိုင်းများအကြားတွင် စစ်တပ်တိုးချဲ့မှုများကိုတတိယအကြိမ်အဖြစ် လူသောမြို့နယ်ရှိရွာသားများက ဆန္ဒပြခဲ့ကြသည်။ ၂၀၂၁ ခုနှစ် ဇန္နဝါရီလ ၆ ရက်နေ့တွင် မြန်မာစစ်တပ်၏ ကျူးကျော်သိမ်းပိုက်မှုနှင့် လူ့အခွင့်အ ရေးချိုးဖောက်မှုများကို ဆန့်ကျင်ဆန္ဒပြရန် ကျေးရွာ ၃၀ မှ ရွာသား တစ်ထောင်ကျော်သည် ဆုံရပ်နှစ်ခုတွင် စုဝေးခဲ့ကြသည်။ သူတို့က ကရင်နယ်မြေများတွင် စစ်တပ်၏ ရင်းနှီးမြှုပ်နှံမှုများ ချက်ချင်း ရပ်ဆိုင်းရန်နှင့် နိုင်ငံရေး ပြဿနာများကို စစ်တပ်များ တိုးချဲ့ချထားမှု အစား ငြိမ်းချမ်းစွာဖြေရှင်းရန် တောင်းဆိုခဲ့ကြသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) ခေါင်းဆောင်များကို အရေးယူဆောင်ရွက်မှု လုပ်ဆောင်ရန် တောင်းဆိုခဲ့ကြပြီး ကုလသမဂ္ဂနှင့် နိုင်ငံအတကာ အသိုင်းအဝိုင်းကို မြန်မာအစိုးရနှင့် စစ်တပ်အပေါ် သူတို့၏ လုပ်ရပ်များ ရပ်တန့်စေရန် လိုအပ်နေသော ဖိအားများ ပေးရန် တောင်းဆိုခဲ့ကြသည်။

ဗမာ့တပ်မတော်၏ တကျော့ပြန်တိုက်ခိုက်မှုများက အရပ်သား ၃၀၀၀ ကျော်ကို အိုးအိမ်စွန့်ခွာ နေရာရွှေ့ပြောင်းစေခဲ့သည်။ ၂၀၁၅ ခုနှစ် တွင် KNU နှင့် ဗမာစစ်တပ်တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ကြသော်လည်း ဗမာစစ်တပ်သည် အကြောင်းရင်းတစ်စုံတစ်ရာမရှိပဲ သဘောတူညီချက်များကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့သည်။ တပ်ချထားမှုများကို တဖြည်းဖြည်းတိုးမြှင့်လာခဲ့ခြင်းဖြင့် အရပ်သားဇရိယာများအပေါ် လက်နက်ကြီးပစ်ခတ်မှုများ၊ လက်နက်ကိုင်ထိတွေ့မှုများ၊ သတ် သတ်မှတ်မှတ်ပစ်မှတ်မရှိသည့်ပစ်ခတ်မှုများ၊ မောင်းသူမဲ့ သူလျှိုလေယာဉ်များကို အရပ်သား ဇရိယာများအပေါ် ဝဲပျံမှုများပိုမိုဖြစ်ပွားလာစေသည်။ ထိုလုပ်ရပ်များသည် တရားမျှတမှုနှင့်ငြိမ်းချမ်းရေးကို ထပ်မံတောင်းခံနေသည့် ရွာသူရွာသားများအကြား စိုးရိမ်ထိတ်လန့်မှုများကို ဖြစ်ပေါ်စေသည်။ ဗမာစစ်တပ်သည် နိုင်ငံတဝှမ်းရှိ အခြားသူအများအပြားနှင့်အတူ ကရင်အရပ်သားများအပေါ် အလေးထားမှုမရှိကြောင်း အကြိမ်ကြိမ်ပြသခဲ့ ပြီးဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဗမာစစ်တပ်သည် နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ပြုမူနိုင်ခြင်းမရှိပဲ ထိုချိုးဖောက်မှုများအဆုံးသတ်ရန် အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း လက်ခံရမည့်အချိန်ရောက်လာပြီဖြစ်သည်။

မိမိတို့သည် COVID-19 ကပ်ရောဂါကို ထိန်းချုပ်နိုင်ရန် ကမ္ဘာတစ်လွှားတွင် အတူတကွလုပ်ဆောင်နေကြချိန်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် ဗမာစစ်တပ်တို့သည် ယင်းအစား ကရင်ပြည်သူများနှင့် နိုင်ငံအတွင်းရှိ အခြားသောတိုင်းရင်းသားအုပ်စုများအပေါ် တိုက်ခိုက်ရန် အာရုံစိုက်လျက်ရှိနေသည်။ ကရင်ပြည်သူများသည် ဘေးကင်းလုံခြုံမှုကိုရှာဖွေရန်အတွက် သူတို့၏နေအိမ်များတွင် နေထိုင်ရန် လိုအပ် လျက်ရှိနေသည်။ သို့သော်ငြားလည်း သူတို့မှာ စစ်တပ်၏အကြမ်းဖက်မှုများမှမလွဲမရှောင်သာ ထွက်ပြေးနေရလျက်ရှိရာ ဗိုင်းရပ်စ်ဘေးအန္တရာယ်ကြုံတွေ့နိုင်သည့်အလားအလာကို တိုးများစေသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် ဆွေးနွေးညှိနိုင်းမှုများသည် ကရင်အသိုင်းအ

ဝိုင်းကို တည်ငြိမ်မှုရရှိစေရန် ဆောင်ကျဉ်းပေးနိုင်ခြင်းမရှိပေ။ မိမိတို့သည် ဤရွာသားများဘေးကင်းလုံခြုံစေရန် အကူအညီများလိုအပ်နေသည်။

ဆန္ဒပြသူများ၏တောင်းဆိုချက်များသည် သူတို့၏နေ့စဉ်နေထိုင်စားသောက်မှုဘဝများကို ခြိမ်းခြောက်နေသူများကို ရဲဝင့်စွာပြစ်တင်ရှုတ်ချခဲ့ကြခြင်းဖြစ်သည်။ သူတို့နှင့်အတူ ရပ်တည်ခြင်းအတွက် မိမိတို့ ဂုဏ်ယူသည်။

အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ
KWO ဗဟို